# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

May 30, 2019 Volume 19, Number 21


**၃၀.၅.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၇၇/-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၄၇၅၀၀/ ကျပ် |
| ဒေါ်လာဈေး | = ၁၅၃၂ ကျပ် |
| CBM Rate | = ၁၅၃၅.၂ ကျပ် |
| ယူရို တစ်ယူရို | = ၁၇၀၉.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၂.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၃၉.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၆၃.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၂.၂၈ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၉၆၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၈.၈၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၅.၈၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၂၆၂ကျပ် |

Source: CBM Rate, etrademyanmar.com

## ရာသီဥတုပြောင်းလဲခြင်းနှင့် သွင်းအားစုများ ဈေးနှုန်းမြင့်၍ ဆီထွက်သီးနှံများ အထွက်နှုန်းလျော့ဟုဆို




ရာသီဥတုပြောင်းလဲခြင်းနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံး သွင်းအားစုများ ဈေးနှုန်းမြင့်မားသဖြင့် အပြည့်အဝ မထည့်သွင်းနိုင်ခြင်းကြောင့် ဆီထွက်သီးနှံများ အထွက်နှုန်းလျော့နည်းခြင်းဖြစ်ကြောင်း စစ်ကိုင်းတိုင်းအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံက ပြောသည်။ မေလ ၂၈ ရက်က ကျင်းပသည့် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီ စားသုံးနိုင်ရေးနှင့် ပြည်တွင်းဆီထွက် သီးနှံ ဖူလုံရေးအလုပ်ရုံဆွေးနွေးပွဲတွင် ၎င်းက ပြောကြားသည်။

နိုင်ငံတစ်ဝန်းမှာ ရာသီဥတုပြောင်းလဲလာခြင်းနှင့် သဘာဝဘေးအန္တရာယ်ကျရောက်ခြင်းများကြောင့် သီးနှံစိုက်ပျိုးရာတွင် စိုက်ချိန်မှန်ကန်မှုမရှိခြင်း၊ အချိန်အခါ မဟုတ်မိုးရွာသွန်းခြင်း၊ မိုးပြတ်တောက်၍ အစိုဓာတ်မလုံလောက် ခြင်း၊ အပူချိန်မြင့်မားခြင်းစတဲ့အခြေအနေတွေနဲ့ ကြုံတွေ့နေရပါတယ်။ ဒါ့အပြင် စိုက်ပျိုးရေးလုပ်ငန်းမှာ သုံးစွဲနေရတဲ့ သွင်းအားစုများဖြစ်တဲ့ ဓာတ်မြေဩဇာများ ဈေးနှုန်းမြင့်မားခြင်းကြောင့် လိုအပ်တဲ့ပမာဏ အပြည့်အဝမထည့်သွင်းနိုင်ခြင်း ဟာလည်း ဆီထွက်သီးနှံတွေ အထွက်နှုန်းလျော့နည်းရခြင်းရဲ့ အဓိကအကြောင်းရင်းတွေဖြစ်ပါတယ်ဟု ဦးကမ်ဇာမုံက ပြောသည်။

စစ်ကိုင်းတိုင်းအတွင်း ဆီထွက်သီးနှံတောင်သူများအား စိုက်ပျိုးရေး နည်းပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ဈေးကွက်အာမခံချက်ရှိသော သီးနှံများရွေးချယ်စိုက်ပျိုးခြင်း၊ စံချိန်စံညွှန်းနှင့် ကိုက်ညီသောသွင်းအားစုများသုံးစွဲခြင်း၊ လုပ်အားခလျှော့ချနိုင်ရေး စက်ကိရိယာများ ပြောင်းလဲသုံးစွဲနိုင်ရေးနှင့် ဆီထွက်သီးနှံများကို ကုန်ကြမ်းရောင်းချသော အဆင့်မှ ကုန်ချောရောင်းချသည့်အဆင့်သို့ တက်လှမ်းနိုင်ရေး ဆောင်ရွက်ပေးမှသာ တောင်သူများစီးပွားရေးတွက်ခြေကိုက်ပြီး ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်ရေး ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း ဦးကမ်ဇာမုံကပြောသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးဆီ စက်ပိုင်ရှင်များအသင်း ဥက္ကဋ္ဌဦးထွန်းထွန်းဦးက ပြည်တွင်းစားသုံးဆီကဏ္ဍ၏ စားသုံးမှု၊ ထုတ်လုပ်မှု၊ တင်သွင်းမှုနှင့်လက်ရှိအခြေအနေများရှင်းလင်းခြင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန မုံရွာခရိုင်ဦးစီးမှူးဒေါ်ရီလင်းထွဋ်က စားသုံးသူကာကွယ်ရေး ဥပဒေ(၂၀၁၉) အကြောင်း သိကောင်းစရာများဆွေးနွေး ပြောကြားသည်။

**Source: 7daydaily**

## မြန်မာနိုင်ငံတွင် တစ်နှစ် တိုယိုတာ Hilux အစီးရေ ၂၅၀၀ ထုတ်လုပ်ရန်ရှိ



၂၀၂၁ ခုနှစ် ကုန်ထုတ်လုပ်ငန်းများ စတင်ဆောင်ရွက်သည့် အချိန်မှစတင်ကာ တစ်နှစ်လျှင် Toyota Hilux အစီးရေ (၂၅၀၀) ကို SKD (Semi Knock Down) စနစ်ဖြင့် တပ်ဆင်ထုတ်လုပ်သွားမည်ဟု တိုယိုတာမော်တော်ကော်ပိုရေးရှင်း (တိုယိုတာ)က ယနေ့တွင် တရားဝင်သတင်း ထုတ်ပြန်သည်။ တိုယိုတာမြန်မာကုမ္ပဏီလီမိတက် (Toyota Myanmar Co., Ltd, TMY) ကို ၂၀၁၉ ခုနှစ် ဇွန်လတွင်တည်ထောင်ပြီး တိုယိုတာမော်တော်ကော်ပိုရေးရှင်းက အစုရှယ်ယာ ၈၅ ရာခိုင်နှုန်းနှင့် Toyota Tsusho Corporation က ၁၅ ရာခိုင်နှုန်းပါဝင်မည်ဟု ဆိုသည်။

တိုယိုတာမြန်မာ (TMY) စက်ရုံကို သီလဝါအထူးစီးပွားရေးဇုန်အတွင်း တည်ဆောက်သွားမည်ဖြစ်ပြီး အမေရိကန်ဒေါ်လာ (၅၂.၆) သန်း ရင်းနှီးမြှုပ်နှံကာ လုပ်သားအင်အား (၁၃၀) ခန့်ဖြင့် လုပ်ငန်းလည်ပတ် ဆောင်ရွက်မည်ဖြစ်သည်ဟု တိုယိုတာကော်ပိုရေးရှင်းကပြောသည်။ မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုနှင့်အညီ ပြည်တွင်းဈေးကွက်အတွင်း မော်တော်ယာဉ်အသစ်ဝယ်လိုအားမှာ မကြာသေးမီနှစ်များအတွင်း တစ်ဟုန်ထိုးတိုးတက်မြင့်မားလျက်ရှိပြီး ၂၀၁၈ ခုနှစ် ဈေးကွက်အချက်အလက်များအရ အစီးရေ (၁၈၀၀၀) ခန့်ရှိခဲ့ပြီး ယင်းမှာ လွန်ခဲ့သောနှစ်ကထက် ၂.၁ ဆကျော်ရှိသည်။

လက်ရှိပြည်တွင်း ဈေးကွက်တွင် Toyota Hilux, Vios, Rush နှင့် အခြား အမျိုးအစားယာဉ်များတင်သွင်း ရောင်းချနေသည်။ မြန်မာဈေးကွက်အတွင်းမှ စားသုံးသူများ၏ လိုအပ်ချက်နှင့် အကိုက်ညီဆုံးဖြစ်သော ထုတ်ကုန်နှင့်ဝန်ဆောင်မှုအသစ်များကို ဆက်လက်တိုးမြှင့်လုပ်ဆောင်ပေးရန်၊ မြန်မာ့စက်မှုဖွံ့ဖြိုးတိုးတက်လာစေရန်၊ တိုယိုတာမော်တော်ယာဉ်များ ပြည်တွင်းထုတ်လုပ်မှုမှတဆင့် ထုတ်လုပ်မှုနည်းပညာတတ်ကျွမ်းသော လူသားအရင်းအမြစ် စွမ်းရည်ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဆက်လက်ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဟု တိုယိုတာကော်ပိုရေးရှင်းကပြောသည်။

**Source: etrademyanmar.com**

## မြန်မာ-တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်များကို မူဆယ်၊ ချင်းရွှေဟော်နှင့် ကန်ပိုက်တီးတို့တွင်တည်ဆောက်ပြီး Core Zone ၊ ပို့ကုန်သွင်းကုန်ပစ္စည်းများ ကုန်လှောင်ရုံဧရိယာများအဖြစ် တည်ထောင်ရန်လျာထား



မြန်မာ-တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်များကို မူဆယ်၊ ချင်းရွှေဟော်နှင့် ကန်ပိုက်တီးတို့တွင်တည်ဆောက်ပြီး Core Zone၊ ပို့ကုန်သွင်းကုန်ပစ္စည်းများသိုလှောင်ရန် ကုန်လှောင်ရုံဧရိယာများအဖြစ် ဖွဲ့စည်းတည်ထောင်သွားရန်လျာထားကြောင်း မြန်မာ-တရုတ် နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်အကောင်အထည်ဖော်ရေးဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကပြောကြားသည်။

မြန်မာ-တရုတ်နယ်စပ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်များ၏ တည်နေရာများအဖြစ် ရှမ်းပြည်နယ် (မြောက်ပိုင်း)

မူဆယ်၊ ချင်းရွှေဟော်၊ ကချင်ပြည်နယ် ကန်ပိုက်တီးတို့အား ရွေးချယ်ထားရှိမှုတို့ကို ဗဟိုကော်မတီ ပထမအကြိမ် အစည်းအဝေး၌ သဘောတူညီခဲ့ကြောင်းသိရသည်။ မူဆယ်နယ်စပ် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုဇုန် တည်ဆောက် ရာတွင် မူဆယ် (ဟိုဆောင်)-ကျယ်ဂေါင်ကို Core Zone အဖြစ်လည်းကောင်း၊ ကြူကုတ်(ပန်ဆိုင်း)-ဝမ်တိန်-နွမ်းရင် (ကျိန်စိမ်းကျော့)- မန့်မန် (ရွှေလီ) တို့အား Export Product Manufacturing Processing and Warehouse Area များအဖြစ်လည်းကောင်း၊ ဆယ်လန့် (မန်ဟီးရိုး)-ဆယ်လင်းနှင့် နမ့်ခမ်း-နောင်တောင်းတို့ကို Import Processing and Warehouse Area များအဖြစ် လည်းကောင်း ဖွံ့စည်းတည်ထောင်သွားရန် လျာထားကြောင်းနှင့် မြန်မာ-တရုတ်နယ်စပ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် (BECZ) တည်ထောင်အကောင်အထည် ဖော်ခြင်းကိုလည်း နိုင်ငံတော်အစိုးရ၏ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ တည်ဆဲဥပဒေများနှင့်အညီ စနစ်တကျ တည်ထောင်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မြန်မာ-တရုတ် နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင် အကောင် အထည်ဖော်ရေးဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောကြားသည်။

မူဆယ်နယ်စပ်မှာ စီးပွားရေးဇုန်ဆောက်ဖို့ကို မကြာခင်မှာ EOI ခေါ်ယူတော့မယ်။ မူဆယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီးရောပေါ့။ သုံးနေရာမှာ EOI ခေါ်ဖို့ရှိတယ်။ စိတ်ပါဝင်စားတဲ့ ပြည်တွင်းက Developer တွေက ဝင်လျှောက်လို့ ရတယ်။ ဒီအပေါ်မှာ မူတည်ပြီး ဘယ်လိုနေရာတွေမှာ ဘာလုပ်မယ်ဆိုတာ ဆက်ပြီးဆောင်ရွက်မယ်။ တရုတ်နိုင်ငံ ဘက်ကလည်း နှစ်နိုင်ငံ SEZ နဲ့ပတ်သက်ပြီး သူတို့ဘက်က Framework Agreement ပို့ထားတာရှိတယ်။ အဲဒီအပေါ်မှာ မူကြမ်းပေါ်မှာ ကျွန်တော်တို့က ဆွေးနွေးပြီး တစ်ဖက်နိုင်ငံကို ပြန်ပို့ဖို့ရှိတယ်။ နယ်စပ်စီးပွားရေးဇုန်နဲ့ ပတ်သက်ပြီး Framework Agreement ကို လက်မှတ်ထိုးသွားဖို့ ရှိပါတယ်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန လက်ထောက် အတွင်းဝန် ဦးခင်မောင်လွင်က ပြောကြားသည်။

ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း Belt and Road Initiative (BRI) တွင် မြန်မာနိုင်ငံမှ ပါဝင်ဆောင်ရွက်နေမှု၊ မြန်မာ-တရုတ်နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် (BECZ) ဗဟိုကော်မတီနှင့် EOI ခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု၊ ပြည်နယ်အစိုးရများမှတစ်ဆင့် ပုဂ္ဂလိကကုမ္ပဏီများမှ အဆိုပြုလာသော ဒေသန္တရဇုန်များ တည်ဆောက်ခြင်းဆိုင်ရာကိစ္စရပ်များဟူ၍ အပိုင်းသုံးပိုင်းဖြင့် ရှင်းလင်းပြောကြားမည်ဖြစ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုလမ်းကြောင်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တရုတ်နိုင်ငံမှ ကြီးမှူးဆောင်ရွက်နေသော ရပ်ဝန်းနှင့်ပိုးလမ်းမ စီမံကိန်းတွင်လည်း မြန်မာနိုင်ငံမှ သဘောတူလက်မှတ်ရေးထိုးပြီးပါဝင်ဆောင်ရွက်နေကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကပြောကြားသည်။

**Source: news-eleven**

**လက်ရှိအစိုးရ တာဝန်ယူစဉ်ကာလအတွင်း ပို့ကုန်သုံးဆမြှင့်တင်နိုင်ရေး ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မေ ၁၀ ရက်အထိ ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၁ ဘီလျံကျော်အထိ ဆောင်ရွက်နိုင်ခဲ့ကြောင်း ဒုတိယဝန်ကြီးပြောကြား**

လက်ရှိအစိုးရ တာဝန်ယူစဉ်ကာလအတွင်း ပို့ကုန်သုံးဆမြှင့်တင်နိုင်ရေး ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိပြီး ကုန်သွယ်မှုကဏ္ဍတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မေ ၁၀ ရက်အထိ ပြည်ပကုန်သွယ်မှု ပမာဏ အမေရိကန်ဒေါ်လာ ၂၁ ဘီလျံကျော်အထိဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးကပြောကြားသည်။ မေ ၂၉ ရက်က နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာကာလအတွင်း ဆောင်ရွက်မှုများနှင့်ပတ်သက်၍ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ဆောင်ရွက်မှုများ ရှင်းလင်းဆွေးနွေးရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက အထက်ပါကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနရဲ့ အဓိကတာဝန်မှာ ပြည်တွင်းပြည်ပကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ဖို့ဖြစ်ပါတယ်။ အဓိကရည်မှန်းချက်ကတော့ ပို့ကုန်မြှင့်တင်ခြင်းဖြင့် စီးပွားရေးတိုးတက်မှုကို ရရှိရန်ဖြစ်ပါတယ်။ ပို့ကုန်မြှင့်တင်ရာမှာ လက်ရှိအစိုးရ တာဝန်ယူစဉ်ကာလအတွင်း ပို့ကုန်သုံးဆမြှင့်တင်နိုင်ရေးကို ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိပါတယ်။ ကုန်သွယ်မှုမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၂၀၉ ဘီလျံ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၅၃၈ ဘီလျံ၊ ၂၀၁၈ ခုနှစ် Mini Budget မှာ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၆၇၉ ဘီလျံဆောင်ရွက်ခဲ့ပြီး ယခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မေ ၁၀ ရက်အထိ အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၁၉၈ ဘီလျံ ဆောင်ရွက်နိုင်ခဲ့ပါတယ်ဟု ဒုတိယဝန်ကြီးကပြောကြားသည်။

ပို့ကုန်တင်ပို့မှုတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၉၈၈ ဘီလျံ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အမေ ရိကန်ဒေါ်လာ ၁၄ ဒသမ ၈၅ ဘီလျံ၊ ၂၀၁၈ ခုနှစ် Mini Budget တွင် အမေရိကန်ဒေါ်လာ ၈ ဒသမ ၈၂၁ ဘီလျံ၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မေ ၁၀ ရက်အထိ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၁၄၆ ဘီလျံဆောင်ရွက် နိုင်ခဲ့ပြီး ပို့ကုန်နှစ်ဆနီးပါးတိုးမြှင့်အောင်ဆောင်ရွက်နိုင်ခဲ့ကြောင်း ဒုတိယဝန်ကြီးကဆိုသည်။ ဒုတိယဝန်ကြီးက အဓိက ပို့ကုန်တိုးတက်တဲ့ကဏ္ဍအနေဖြင့် CMP အထည်ချုပ်ကဏ္ဍဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၈၀၀ ကျော်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မေ ၁၀ ရက်အထိ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၆၁ ဘီလျံအထိ ပို့ကုန်သုံးဆနီးပါး မြှင့်တင်နိုင်ခဲ့ပါတယ်။ အတည်မပြုနိုင်သေးသည့်သတင်းများအရ ယခုနှစ်အတွင်း အထည်ချုပ်ကဏ္ဍမှပို့ကုန်သည် အမေရိကန်ဒေါ်လာ ၄ ဒသမ ၇ ဘီလျံအထိ ရောက်ရှိနေပြီဖြစ်ကြောင်းသိရပါတယ်ဟု ပြောကြားသည်။

**Source: news-eleven**

## စပါးဈေးနှုန်းကျဆင်းနေမှုအပေါ် အရေးပေါ်ဝယ်ယူနိုင်ရန် ဝန်ကြီးဌာနအနေဖြင့် တင်ပြထားကြောင်း စီးပွား/ကူးသန်း ဒုတိယဝန်ကြီးပြောကြား

စပါးဈေးနှုန်း ကျဆင်းနေမှုအပေါ် အရေးပေါ်ဝယ်ယူနိုင်ရန် ဝန်ကြီးဌာနအနေဖြင့်တင်ပြထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးကပြောကြားသည်။ မေ ၂၉ ရက်က နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်၍ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် မီဒီယာများ၏မေးမြန်းမှုအပေါ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်ထူးက အထက်ပါအတိုင်း ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

အဲဒီတော့ ခုနက ဝယ်တဲ့ဟာတွေကတော့ လုပ်နေပါတယ်။ ခုနကပြောတဲ့ ပထမ MRF က ဝယ်တယ်။ အခုကတော့ ကျွန်တော်တို့ သမဝါယမ အသင်းတွေကနေပြီးတော့ ကျွန်တော်တို့ ဝယ်ဖို့ လုပ်ပါတယ်။ ကျွန်တော်တို့ စီးပွား/ကူးသန်းက လုပ်နိုင်တာကတော့ ကျွန်တော်တို့က အခြေခံဈေးကို ကျွန်တော်တို့မပေးနိုင်ပါဘူး။ အခြေခံဈေးက ငါးသိန်း၊ တကယ်တမ်း

ကျတော့ ကျွန်တော်တို့ရဲ့ ထုတ်လုပ်မှုကုန်ကျစရိတ်ကို ပြန်တွက်တဲ့အခါမှာ ကျွန်တော်တို့က သုံးသိန်းတစ်သောင်းနဲ့ သုံးသိန်းရှစ်သောင်းကြားလောက်မှာရှိပါတယ်။ အဲဒီထက်ကို ကျသွားမှ ကျွန်တော်တို့ကနေပြီးတော့မှ ဝယ်ပေးလို့ရမယ်။ ဒါပေမဲ့ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့အနေနဲ့ အရေးပေါ်ဝယ်နိုင်အောင်လို့ဆိုပြီးတော့ ဒီကိစ္စကိုတင်ပြထားပါတယ်ဟု ဒုတိယဝန်ကြီးက ပြောကြားသည်။

ဒုဝန်ကြီး ပြောကြားသည့် အရေးပေါ်ဝယ်ယူနိုင်ရန် တင်ပြထားသည့်ကိစ္စတွင် ကာလအပိုင်းအခြား မည်မျှကြာမည်နှင့် ငွေပမာဏ မည်မျှသုံးမည်ကို သိရှိလိုကြောင်း မီဒီယာများက မေးမြန်းရာတွင် အခု ကျွန်တော်တို့ MRF ကနေပြီးတော့မှ ချေးဖို့ တောင်းတဲ့ ပမာဏကတော့ ၁၅ ဘီလျံ ဖြစ်ပါတယ်။ သူက ရက်ပေါင်း ၁၂၀ ချေးပေးရမှာ ဖြစ်ပါတယ်။ ဒါကတော့ မြန်မာ့စီးပွားရေးဘဏ် ကနေပြီးတော့ ချေးပေးဆိုတာ လုပ်ပါတယ်။ စီမံ/ဘဏ္ဍာ ဝန်ကြီးကလည်း ၁၉ ဘီလျံလောက်အထိ ချေးပေးနိုင်တယ်ဆို ပြီးတော့ ပြောပါတယ်။ အဲဒီတော့ ကျွန်တော်တို့ စီးပွား/ကူးသန်း ကတော့ အစဉ်အလာအားဖြင့်တော့ ၁၅ ဘီလျံ တောင်းလေ့ ရှိပါတယ်။ အခု ဒီဟာမှာလည်း ၁၅ ဘီလျံ တောင်းမယ့် သဘောရှိပါတယ်။ သမဝါယမ က ဘယ်လောက် ဝယ်မလဲဆိုတာ ကျွန်တော်တို့ မသိသေးပါဘူး။ သမဝါယမကတော့ CB ဘဏ်ရဲ့ Backing နဲ့ သူတို့ ဝယ်မှာ ဖြစ်ပါတယ်"ဟု ဒုတိယဝန်ကြီးက ပြန်လည်ဖြေကြားသည်။ ထို့ပြင် တောင်သူများ၊ Myanmar Rice Federation နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနတို့ညှိနှိုင်း၍ ပြီးခဲ့သည့်လကတည်းက ဝယ်ယူမှုများပြုလုပ်နေကြောင်း၊ ဝယ်ယူမှုနှင့်ပတ်သက်၍ စီးပွား/ကူးသန်းဝန်ကြီးဌာန၏ အောက်ခြေရုံးများကလည်း နှစ်စဉ်အစီရင်ခံတင်ပြလျက်ရှိကြောင်း ဒုတိယဝန်ကြီးကပြောကြားသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF)အနေဖြင့် ပြီးခဲ့သည့်နှစ်က အခြေခံစပါးဈေးနှုန်းကို ကျပ်ငါးသိန်း သတ်မှတ်ခဲ့ပြီး ယခင်က စပါးဈေးသည် ကျပ်ခြောက်သိန်း၊ ခုနစ်သိန်းခန့်ရှိခြင်းကြောင့် ပြဿနာမရှိသော်လည်း ဝယ်ယူနေကျ ထုံးစံဖြစ်သည့် အစိုဓာတ် ၁၄ ရာခိုင်နှုန်း ရှိသည့် စပါးတစ်တင်းကို ၄၆ ပေါင်နှုန်းဖြင့် ဝယ်ယူသော်လည်း လက်တွေ့တွင် အစိုဓာတ်ကြောင့် ပေါင် ၅၀ နှုန်းဖြင့် ဝယ်ယူနေသည်ဆိုသည့်သတင်းများ ကြားနေရကြောင်း ၎င်းကပြောကြားသည်။ ဒုတိယဝန်ကြီးက နောက်တစ်ခုကတော့ MRF က ဝယ်မယ်လို့ ပြောတဲ့အချိန်မှာ သူတို့ရဲ့ စည်းကမ်းချက်တွေ ရှိပါတယ်။ စည်းကမ်းချက်ကတော့ စပါးရဲ့ စိုထိုင်းတဲ့နှုန်းဟာ ၁၄ ရာခိုင်နှုန်း ရှိရမယ်ပေါ့။ အဲဒီတော့ ၁၄ ရာခိုင်နှုန်းက ဆန်ကြိတ်လို့ ရှိရင် IDE ဖြစ်တဲ့ အနေအထားပေါ့။ အကျိုးအကြေနည်းတဲ့ ဟာမျိုးပေါ့။ ဖြစ်တဲ့အခါကျတော့ အခု ကျွန်တော်တို့ ဝယ်နေတဲ့ ဆန်တွေရဲ့ အစိုဓာတ်က ၁၈ ကနေ ၁၉ ရာခိုင်နှုန်းလောက်ရှိပါတယ်။ အဲဒီတော့ ၁၈ ကနေ ၁၉ ရာခိုင်နှုန်း ဆိုတဲ့အခါ ကျတော့ စက်ပိုင်က ငါးသိန်း သူအပြည့် မပေးနိုင်တဲ့ သဘော ရှိပါတယ်။ ၁၄ ရာခိုင်နှုန်းချလိုက်ရင် ဘယ်လောက်အထိ ကျသွားမယ် ဆိုတဲ့ဟာကို သူက ပြန်တွက်တာပါ။ တွက်ပြီးတဲ့အခါကျမှ သူကဝယ်တဲ့အခါကျတော့ သူက လေးသိန်း ခြောက်သောင်းလောက်ဖြစ်နေတယ်။ လေးသိန်းခြောက်သောင်းလောက်ဖြစ်နေတော့ တောင်သူတွေက ငါးသိန်းမရဘူး ဆိုပြီးတော့မှ သူတို့အနေနဲ့ ဆန္ဒပြတာတွေ၊ လုပ်လာတာတွေရှိပါတယ်။ ဒါပေမဲ့ တကယ်တမ်း MRF က ပြောထားတဲ့ ၁၄ ရာခိုင်နှုန်းနဲ့ ငါးသိန်းဆိုတာကတော့ သေချာသာလုပ်မယ်ဆိုရင် အဲဒါကတော့ အမှန်ဆုံးဈေးနှုန်းပဲလို့ ကျွန်တော်ထင်ပါတယ်ဟု ပြောကြားသည်။

**Source: news-eleven**

## မိုးခေါင်နေ၍ မကွေးတိုင်းရှိ ပဲ၊ နှမ်းစိုက်တောင်သူများ အခက်ကြုံ

မကွေးတိုင်းဒေသကြီးရှိ ပဲ၊ နှမ်းစိုက်တောင်သူများသည် ယခုနှစ်တွင် မိုးခေါင်ခြင်း (ပုံမှန်မိုးမရွာသွန်း ခြင်း)ကြောင့် စိုက်ပျိုးရမည့်အချိန်ထက် တစ်လနောက်ကျကာ အခက်အခဲများ ကြုံတွေ့နေရကြောင်း တောင်သူများက ပြောသည်။ ပုံမှန်စိုက်ပျိုးချိန်ဖြစ်သော ဧပြီလဆန်းနှင့် သင်္ကြန်ပြီးကာလများတွင် မိုးရွာသွန်းလေ့ရှိသော်လည်း ယခုနှစ်၌ မေလကုန် အထိ ကွက်ကျားမိုး နစ်ကြိမ်သာရွာသွန်းခဲ့ကြောင်း၊ စိုက်ပျိုးရန် မိုးရေလုံလောက်မှုမရှိသဖြင့် စိုက်ပျိုးရေးအခက်အခဲ များနှင့် ရင်ဆိုင်နေရကြောင်း မကွေးမြို့နယ် ကန်ပြားကျေးရွာနေ တောင်သူဦးဇော်မိုးထွန်းကပြောသည်။ ခုနှစ်က မိုးအရမ်းကိုခေါင်တဲ့နှစ်ပဲ။ ပုံမှန်မိုးမရွာခင် ကြိုတင်ကြဲတဲ့သူတွေလည်း မကြဲရဲကြတာကများတယ်။ ကြဲတဲ့သူတွေလည်း ပြန်ဖျက်လိုက်ရတော့ လုံးလုံးအရင်းရှုံးကုန်ကြတယ်။ မိုးရွာမှကြဲမယ့်သူတွေအတွက်ကလည်း မိုးကမရွာတော့ စိုက်ပျိုးချိန်

တစ်လလောက်နောက်ကျနေပြီး မေလ ၂၈ ရက်ရွာတဲ့မိုးကလည်း ကွက်ကျားမိုးဖြစ်ပြီး စိုက်ပျိုးဖို့ရေမလုံလောက်ဘူးဟု ၎င်းကပြောသည်။

ထို့အပြင် စိုက်ပျိုးချိန်နောက်ကျသောကြောင့် နောက်တစ်သီးဖြစ်သည့် မြေပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံသီးနှံများ စိုက်ပျိုးရမည့်အချိန်တွင်လည်း စိုက်ပျိုးရမည့်အချိန် မညီညွတ်မှုဖြင့် ထပ်မံရင်ဆိုင်ရကာ တောင်သူများ အခက်အခဲနှင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း ဖိုလေးလုံးကျေးရွာနေ တောင်သူကိုကျော်ဆန်းက သုံးသပ်သည်။ နှမ်းစိုက်ရာသီအတွက် မိုးက အရမ်းနောက်ကျသွားပြီ။ ကျွန်တော်တို့ ရေနံချောင်းက တောင်သူတွေကတော့ နှမ်းမစိုက်တော့ဘူး။ အချိန်က ကိုးလိုးကန့်လန့်ဖြစ်နေပြီလေ၊ မစိုက်ရဲတော့ဘူး။ နောက်မိုးကိုစောင့်ပြီး ပဲစိုက်ဖို့ရည်ရွယ်ထားတဲ့ တောင်သူတွေက များတယ်ဟု ရေနံချောင်းမြို့နေ ကိုစိုးသူကဆိုသည်။ ယခင်နှစ်က သီတင်းကျွတ်၌ (အောက်တိုဘာ) မိုးရွာသွန်းမှု ရပ်ဆိုင်းသဖြင့် နောက်ပျိုးမည့်သီးနှံများ ဖြစ်ထွန်းမှုအားနည်းခဲ့သလို ယခုနှစ်၌ မေလအထိ မိုးရွာသွန်းမှုမရှိဘဲ ပြီးခဲ့သည့်နှစ်ကဲ့သို့ အောက်တိုဘာတွင် မိုးရွာသွန်းမှုရပ်ဆိုင်းလျှင် နောက်စိုက်ပျိုးမည့်သီးနှံများအတွက် စိုးရိမ်စရာ အခြေအနေနှင့် ရင်ဆိုင်ရမည်ဟု ကိုကျော်ဆန်းကပြောသည်။

**Source: 7daydaily**

## ပြည်ပသို့ ငါးတန်တင်ပို့မည့်ကုမ္ပဏီက ရှယ်ယာများခေါ်ယူ

ပြည်ပသို့ ငါးတန်များ တင်ပို့ရောင်းချသွားမည့်GLOBAL EARTH AGRO & AQUA INDUSTRY PUBLIC COMPANY LIMITED အများပိုင်ကုမ္ပဏီက အစုရှယ်ယာများခေါ်ယူနေပြီဟု ကုမ္ပဏီ၏ဒါရိုက်တာ ဒေါ်တိုးနန္ဒာတင်ကပြော သည်။ ကုမ္ပဏီက Food Industry Complex ကို မြေဧက ၉၀၀ ခန့်တွင် လုပ်ဆောင်သွားမည်ဖြစ်ပြီး အဆိုပါဧရိယာတွင် ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်ချင်သူများအတွက်ရည်ရွယ်၍ ရောင်းချသည့်ရှယ်ယာအမျိုးအစားသာဖြစ်သည်။ ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန် မြေဧက ၁၀၀ ကို သတ်မှတ်ထားပြီး ရှယ်ယာတစ်စုဝယ်ယူလျှင် တစ်ဧကနှင့်တစ်ဧကခွဲနီးပါး လုပ်ကိုင်ခွင့်ရမည် ဖြစ်သည်။ လက်ရှိတွင် အစု ၁၀၀ ကို ရောင်းချသွားမည်ဟု ဒေါ်တိုးနန္ဒာတင်ကပြောသည်။

အစုရှယ်ယာတစ်စုလျှင် ကျပ်သိန်း ၁၀၀၀ သတ်မှတ် ထားပြီး စုပေါင်း ဝယ်ယူနိုင်ကြောင်းလည်း ၎င်းကဆိုသည်။ ရှယ်ယာဝယ်ယူ၍ ငါးမွေးမြူရေးလုပ်ကိုင်မည့်သူများကို သားပေါက်ထည့်သွင်းနည်း၊ အစာကျွေးနည်း၊ ရေထိန်းသိမ်းနည်းများကို သင်ကြားပေးမည်ဖြစ်ပြီး ယင်းငါးကန်မှထွက်ရှိလာသည့် ငါးတန်များကို ကာလပေါက်ဈေးအတိုင်း ကုမ္ပဏီကို ရောင်းချရမည်ဖြစ်သည်။ အစုရှယ်ယာငွေအတွက် တစ်နှစ်လျှင် ၁၅ ရာခိုင်နှုန်းအထိ ရှယ်ယာအမြတ်ငွေပေးနိုင်ရန် စီစဉ်ဆောင်ရွက်နေ ကြောင်းလည်း ၎င်းကပြောသည်။ ရှယ်ယာခေါ်တာဆိုတာလည်း ကိုယ်ကတာဝန်ယူနိုင်လို့ပါ။ ရှယ်ယာခေါ်ပြီး တစ်နှစ်ပြည့်လို့ အကျိုးအမြတ်မပေးနိုင်ဘူးဆိုရင် ဒါဟာလူတွေစိတ်ပျက်စရာဖြစ်ပါလိမ့်မယ်။ အကုန်လုံးကို ပါစေချင်ပါတယ်။ ငွေ သိန်း ၅၀လောက်ပဲတတ်နိုင်ရန် လူအယောက် ၂၀ စုပြီး ရှယ်ယာတစ်စုဝယ်ယူလို့ရပါတယ်ဟု ဒေါ်တိုးနန္ဒာတင်ကပြောသည်။

လက်ရှိတွင် အမေရိကန်နှင့်တရုတ်သို့ ကုမ္ပဏီမှထွက်ရှိသည့် ငါးတန်ထွက်ကုန်များ တင်ပို့ရောင်းချနိုင်ရန် ချိတ်ဆက်ဆောင်ရွက်မှုများပြုနေပြီဖြစ်သည်။ ကုမ္ပဏီ၏ Food Industry Complex တွင် သားပေါက်စခန်း၊ မွေးမြူရေးစခန်း၊ အအေးခန်းစက်ရုံ၊ အစာစက်ရုံ၊ ငါးအသားမှုန့်စက်ရုံများပါဝင်မည်ဖြစ်သည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ကိုရရှိပြီးဖြစ်ကာ ကုမ္ပဏီအောင်မြင်နိုင်ရန် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် နိုင်ငံတော်အစိုးရ၏ အားပေးထောက်ခံမှုများကိုလိုအပ်ကြောင်း ကုမ္ပဏီ၏ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင်ဦးဒွေးမြင့်ကပြောသည်။

**Source:Myanmar.mmtimes.com**

## စစ်ကိုင်းတိုင်းဒေသကြီးတွင် သရက်ကို GAP စနစ်ဖြင့် စိုက်ပျိုးခဲ့သော်လည်း ဈေးကွက်တွင် ဈေးပိုရခြင်းမရှိသေးဟုဆို

စစ်ကိုင်းတိုင်းဒေသကြီး၌ သရက်စိုက်ပျိုးထုတ်လုပ်မှုတွင် စိုက်ပျိုးရေးဆိုင်ရာအခြေခံကောင်းများ (GAP) နည်းဖြင့် စိုက်ပျိုးထုတ်လုပ်ခဲ့သော်လည်း ဈေးကွက်တွင်ရောင်းချသည့်အခါ ထူးထူးခြားခြားဈေးကောင်းရရှိခြင်းမရှိဘဲ အခြား သရက်သီးများကဲ့သို့ပင် ဈေးတူရောင်းချနေရကြောင်း စစ်ကိုင်းတိုင်းဒေသကြီး သရက်စိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချ

သူများအသင်းဥက္ကဋ္ဌ ဦးသန်းထွန်းကပြောကြားသည်။ Good Agricultural Practices(GAP) နည်းဖြင့် ဆောင်ရွက်သည့် စနစ်တွင် သီးနှံများစိုက်ပျိုးထုတ်လုပ်ရိတ်သိမ်းပြီး နောက်စားသုံးသူများအပေါ် အန္တရာယ်ဖြစ်စေမှုများလျော့နည်းစေရန် ရည်ရွယ်ဆောင်ရွက်သည့်စနစ်ဖြစ်သည်။

GAP လက်မှတ်ရပေမယ့် ဈေးကွက်မှာ သိပ်ပြီးထူးခြားသွားတာတော့မရှိဘူး။ ထူးပြီးမရသေးပါဘူး။ သို့သော် နိုင်ငံတကာမှ ဝယ်ယူရန်ကမ်းလှမ်းလာပါက အသိအမှတ်ပြုလက်မှတ်ရရှိထားသည့်အတွက် ကြိုတင်၍ဈေးကွက် အာမခံချက်ရနိုင်တယ်ဟု ဦးသန်းထွန်းကဆိုသည်။ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနစာရင်းများအရ စစ်ကိုင်းတိုင်းဒေသကြီးတွင် သရက်စိုက်ဧက ၈၀၀၀ ကျော်ရှိနေသည်ဟု သိရသည်။ ပြည်ပကိုပို့တဲ့ နယ်စပ်မှုဆယ် ဈေးကွက်မှာ ၁၅ ကီလိုပါ သရက်တစ်ဖာကို သုံးယွမ်ပဲပိုရရင် GAP လက်မှတ်ကို တောင်သူတွေ စိတ်ဝင်စားလာမယ်ဟု စစ်ကိုင်းမြို့နယ် ဒီပဲယင်းကွဲရွာမှ သရက်ခြံပိုင်ရှင် ဦးကျော်မြင့်ကပြောကြားသည်။ စစ်ကိုင်းတိုင်းဒေသကြီးရှိ သရက်သီးနှံတွင် GAP လက်မှတ်ရရှိခဲ့သော တောင်သူများမှာ ၂၀၁၇ ခုနှစ်တွင် ခုနစ်ဦး၊ ၂၀၁၈ ခုနှစ်တွင် ၁၉ ဦး၊ ၂၀၁၉ ခုနှစ်တွင် ၁၄ ဦးရှိပြီး GAP လက်မှတ်ရ ခြံဧကမှာ ၆၅၉ ဒသမ ၂၅ ဧကရှိကြောင်း တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

**Source: yangonmedia.com**

## ရှင်မတောင်သနပ်ခါးအသင်းဖွဲ့စည်းကာ ဈေးကွက်ဖော်ဆောင်ရေးကူညီသွားမည်

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်၊ ခရိုင်ရှင်မတောင် သနပ်ခါးအသင်းကိုဖွဲ့စည်းကာ ဈေးကွက်ဖော်ဆောင်နိုင်ရေး အတွက် ကူညီသွားမည်ဖြစ်ကြောင်း ခရိုင်စားသုံးသူရေးရာ ဦးစီးမှူးဦးသန်းဦးကပြောသည်။ အဆိုပါ ခရိုင်အသင်းမှ ဈေးကွက်ဖော်ဆောင်ရေးအဖွဲ့၊ စိုက်ပျိုးထုတ်လုပ်ရေးအဖွဲ့၊ တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်ရေးအဖွဲ့ဟူ၍ ဆပ်ကော်မတီများ ဆက်လက်ထားရှိရန် လိုအပ်ကြောင်းသိရသည်။ မြန်မာ့သနပ်ခါးကို မြန်မာကပဲ မူပိုင်ခွင့်ရရှိဖို့ ကြိုးပမ်းသွားမယ်။ မြန်မာ့သနပ်ခါးမှာ ရှင်မတောင်နဲ့ ရွှေဘိုသနပ်ခါးနှစ်မျိုးရှိတာမှာ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမှာဖြစ်တယ်ဟု ၎င်းကဆက်လက်ပြောသည်။ ယင်းကဲ့သို့ သနပ်ခါးဈေးကွက် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် မြိုင်မြို့နယ်နှင့် ရေစကြိုမြို့နယ်တို့တွင် အသင်းများကိုစတင်ဖွဲ့စည်းခဲ့ပြီးနောက် ပခုက္ကူ ပေါက်နှင့် ဆိပ်ဖြူမြို့နယ်တို့တွင် ဆက်လက်ဖွဲ့စည်းခဲ့ခြင်းကြောင့် မြို့နယ် ၅ ခုပေါင်း၍ ခရိုင်အသင်းအဖြစ် ယခုမေလ ၁၈ ရက်က ဖွဲ့စည်းလိုက်ခြင်းဖြစ်သည်။

အသင်းကို သနပ်ခါး အများဆုံး ထုတ်လုပ်သည့် ရန်ကုန်တိုင်း၊မန္တလေးတိုင်း၊စစ်ကိုင်း၊ ရှမ်းပြည်နယ်မှတောင်သူများ၊ သနပ်ခါးအလှကုန်ထုတ်လုပ်သော လုပ်ငန်းရှင်များစုပေါင်း၍ ဖွဲ့စည်းထားကြောင်း ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် သနပ်ခါး အသီးမှ နလုံးအားတိုးဆေးထုတ်လုပ်ရန် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ မြန်မာ့သနပ်ခါးကဏ္ဍ ဖွံ့ဖြိုးရေး အတွက် သနပ်ခါးအသင်းနှင့် HELVETAS Myanmar တို့ပူးပေါင်း၍ ဈေးကွက်ဖွံ့ဖြိုးလာစေရန်အတွက် ဇီဝထုတ်ကုန် အဖြစ် ရွေးချယ်ခြင်း၊ သနပ်ခါးကုမ္ပဏီများကို ကုန်စည်ပြပွဲများတွင်လေ့လာစေခြင်း အင်္ဂလန်ရှိကုမ္ပဏီများနှင့် ချိတ်ဆက်ပေးခြင်း၊ မြေဆီလွှာထိန်းသိမ်းနည်းပို့ချခြင်း၊ သနပ်ခါးပွဲတော်များကျင်းပခြင်း၊ သနပ်ခါးမျိုးရိုးဗီဇနှင့် ရိုးရာပညာ ထိန်းသိမ်းစောင့်ရှောက်ခြင်းစသည့်လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ယင်းအပြင် သနပ်ခါးပင်စိုက်ပျိုးရေးတွင် မျိုးအဟောင်းများနေရာတွင် မျိုးအသစ်များကို ပြောင်းလဲစိုက်ပျိုးလျက်ရှိကြောင်းသိရသည်။ မြန်မာနိုင်ငံတွင် သနပ်ခါးကို အရာတော်၊ ပခုက္ကူ၊ ရေစကြို၊ ပေါက်နှင့်မြိုင်စသည့် မြို့နယ် ၅ မြို့နယ်တွင် အများဆုံးစိုက်ပျိုးကြသော်လည်း တစ်နိုင်ငံလုံး၏ ၇၅ ရာခိုင်နှုန်းသည် အရာတော်မြို့နယ်မှ စိုက်ပျိုးထုတ်လုပ်ကာ သနပ်ခါးစိုက်ပျိုးမှုအပေါ်တွင် မှီခိုအသက်မွေးမှုပြုလျက်ရှိကြောင်းသိရသည်။

**Source: amiamyanmar.com**

# STOCK EXCHANGE (30.5.19)

YANGON
STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 30th May. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | +0 | +0.00% | 11,000 | 11,000 | 11,000 | 915 | 10,065,000 | 27,112,747 | 298,240 |
| MTSH | 00002 | 3,150 | +0 | +0.00% | 3,150 | 3,200 | 3,150 | 4,131 | 13,014,150 | 38,929,150 | 122,627 |
| MCB | 00003 | 7,600 | -100 | -1.30% | 7,600 | 7,700 | 7,600 | 300 | 2,285,000 | 10,400,986 | 79,047 |
| FPB | 00004 | 22,500 | +500 | +2.27% | 22,500 | 22,500 | 22,500 | 46 | 1,035,000 | 2,472,053 | 55,621 |
| TMH | 00005 | 2,950 | +0 | +0.00% | 2,950 | 2,950 | 2,950 | 880 | 2,596,000 | 12,212,906 | 36,028 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 433.30 | +0.14 | +0.03% | 433.16 | 434.73 | 433.16 | 6,272 | 28,995,150 | 5 | 591,563 |


### Index chart




## Market Overview

As of 1:00 pm, 30th May. 2019

| MYANPIX | 433.30 ▲ 0.14 |
|---|---|
| Total Volume (shares) | 6,272 |
| Total Value (MMK) | 29 mil |
| Listed Company | 5 |
| Market Cap. (MMK) | 591,563 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▲ 0 |
| MTSH | 00002 | 3,150 | ▲ 0 |
| MCB | 00003 | 7,600 | ▼ 100 |
| FPB | 00004 | 22,500 | ▲ 500 |
| TMH | 00005 | 2,950 | ▲ 0 |